

# အပူသစ်နှင့် ရယ်ကြပါသည်

မောင်စိန်ဝင်း(ပုတီးကုန်း) ၊ ဟိန်းဆက်သွင်

(ဝတ္ထုလတ်နှစ်ပုဒ်)

အပူသစ်နှင့် ရယ်ကြပါသည်
မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဟိန်းဆက်သွင်
(ဝတ္ထုလတ်နှစ်ပုဒ်)

*

အပူသစ်နှင့် လူဖြစ်စေသတည်း
မောင်စိန်ဝင်း (ပုတီးကုန်း)

*

အပိုင်း (၁)

(၁)

*

ဖူးတံချိုပိတောက်ပင်ကို လှမ်းငေးရင်း သကြံန်ကျတော့မှာပါလားဟု အသိဝင်လာ၏။ ဖားလျားဝေ စိမ်းနုရွှက်တို့ဖြင့် ပိတောက်ပင်သည် နုသစ်နေသလို။ ဝေ့တိုက်သော လေတစ်ချက် အခန်းပြတင်းမှ ဝင်လာသည်။ ဘာကြောင့်ရယ် မသိသော်လည်း ပန်ကာလေနှယ် မဟုတ်ဟု ဘာသာသိ၏။

စားပွဲနား သံဗီရိုပုပေါ်မှ ပန်ကာသည် လည်လျက်။ ပန်ကာလေကြောင့် မွန်းကျပ်မှု သက်သာသလို ထင်မိသော်လည်း မနက်မှ ညနေတိုင် ထိတွေ့ဖန်များတော့ ပန်ကာလေ၏ စပ်ရှပူနွေးမှုကို မုန်းတီးလာပြီ။ မျက်နှာကြက်ပေါ်မှ လေးပေမီးချောင်း အလင်းရောင်က စားပွဲပေါ်ခင်းထားသည့် တစ်မတ်ထုမှန်ပေါ်မှာ ဖြာကျလျက် အကြည့်ရခက်စရာ ထင်လာပြီ။ စားပွဲစွန်းမှ တယ်လီဖုန်းနှစ်လုံး အသံမြည်မှာကို ရင်ထိတ် စိုးရိမ်နေရသော ကာလကလည်း ရှည်လျားပြီလေ။

ပိတောက်ဖူးညွှန့်မှာ စိတ်ရောက်ခိုက် ငယ်ဘဝကလို ရင်ခုန်မှုကို ပြန်လည် လိုချင်မိသား။ ပါးလျားလာပြီဖြစ်သော လွတ်လပ်ရိုးသားမှု၊ လုပ်ငန်း၏ ထုထည်အောက်မှာ နစ်မြုပ်တော့မှာလား။ နှလုံးသားသည် မပူမနွေး အေးစက်မာကျောလာပြီ ထင်၏။ အကြည့်၊ အတွေးအားလုံးက လုပ်ငန်းသဘော ဆန်နေသလို ကိုယ့်ကိုယ်ကိုယ် မသတီချင်တော့။ အငေါ့အထေ့၊ အချည်အတုပ်၊ အပုတ်အခတ်၊ လုပ်ဇာတ်အမျိုးမျိုးနှင့် မျက်နှာကို အချိုးပြောင်းသည့် ပညာလည်း စုံပြီပဲ။

"ကျောင်းတွေပြန်ဖွင့်ရင် ကလေးတွေမှာ ထီးလည်း မရှိတော့ဘူး"

အနားရောက်လာသည့် အိမ်ရှင်မ စကားကြောင့် အတွေးအားလုံး လွင့်စဉ်ပြေးထွက်ကုန်၏။

"အဝေးကြီး လိုပါသေးတယ်ကွာ"

"အခု ဝယ်ထားနိုင်ရင် ဈေးသက်သာတာပေ့ါ၊ မိုးကျမှဆိုရင် ဈေးတွေတက်ကုန်မယ်"

"အင်း၊ ရှိရင်တော့ ကောင်းတာပေ့ါ"

"ဘာလဲ၊ ထီးလား၊ ရှိမှဖြစ်မှာ"

"မဟုတ်ပါဘူး၊ ငွေကိုပြောတာ၊ ငွေရှိရင်တော့ ကောင်းတာပေါ့"

သက်ပြင်းကို ဘာကြောင့် ပြိုင်တူချမိကြောင်း နှစ်ဦးစလုံးသိလိုက်၏။

အထူးချေးငွေ နှစ်ရာ ရတော့မယ်ဗျာဟု အလွန် ဝမ်းမြောက်ဝမ်းသာဖြင့် ပြောခဲ့ဖူးသော ကိုယ့်အထက်က လခတစ်ထောင်ကျော်စား ဆရာသမား၏ မျက်နှာကို အတွေးမှာ ဖျတ်ခနဲ ထင်သည်။

လခ ခြောက်ရာကျော်လောက် ရသူကတော့။

***

(၂)

*

"အမည်"

"အောင်မင်း"

"အမျိုးသားမှတ်ပုံတင်အမှတ်"

"အာဂျီအန် ... ..."

"အလုပ်ခွင်အမှတ်နဲ့အဆင့်"

"အလုပ်ခွင်အမှတ် (...)၊ ပဉ္စမအဆင့်"

"အဘအမည်"

"ဦးမြတ်မင်း"

"အမိ"

"ဒေါ်သိန်းရွှေ"

သူ မေးသမျှကို အဖွဲ့ထဲမှာပါသည့် အုပ်ချုပ်ရေးဌာနမှ ရုံးအုပ်ကြီးက လိုက်မှတ်နေသည်။ အဖွဲ့ဝင် အင်ဂျင်နီယာ တစ်ယောက်ကတော့ ဆေးလိပ်ကိုဖွာရှိုက်ပြီး မီးခိုးကို မှုတ်ထုတ်၏။ စစ်ဆေးနေသည့် အမှုထဲမှာ စိတ်မှ ရှိပဲ့မလား တွေးမိသေးသည်။ အမှုစစ်ရန် အခန်းထဲ မဝင်ခင်မှာလည်း သူငယ်ချင်း အင်ဂျင်နီယာက အငယ်ဆုံးကလေး ညက အဖျားတက်နေကြောင်း၊ ဆေးဖိုးဝါးခ ကုန်ဦးမည်ဖြစ်ကြောင်း ပြောခဲ့သေး၏။ အခုလည်း သူ့အငယ်ဆုံး ကလေးဆီကိုပဲ အတွေးရောက်နေပြီလား မသိ။ သူ့ဇနီး

ကျောင်းဆရာမက ကျောင်းသွား၊ သူက စက်ရုံလာနှင့် ကလေးအငယ်ဆုံးလေးကို ထိန်းပေးသည့်အိမ်ကို ပို့ထားခဲ့ရသည်ပဲ။ နေမကောင်းဖြစ်နေသည့် ကလေးငယ်ကို လခယူပြီး ထိန်းနေသည့် သူစိမ်းလက်ထဲမှာ ထားခဲ့ရတော့ သူ ဘယ်စိတ် ဖြောင့်နိုင်ပါ့မလဲ။

"ကဲ၊ မောင်အောင်မင်း၊ (.....) နေ့ ညနေအချိန်ပို လွှတ်ချိန်မှာ တာဝန်ကျတဲ့ ဂိတ်မှူးက မင်းကိုရှာတော့ မင်းလက်ဆွဲအိတ်ထဲက ခြောက်လက်မ ပတ်လည် သံပြားသုံးချပ် ရှာတွေ့တယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

စစ်ဆေးရေးအဖွဲ့ဝင် သုံးဦးရှေ့မှာ ကျုံ့ကျုံ့ကလေး ထိုင်နေသော မောင်အောင်မင်းက ဖြေသည်။ မေးသမျှနှင့် ဖြေသမျှကို ရုံးအုပ်ကြီးက စာဖြင့် လိုက်ရေးပြီး မှတ်၏။

"အဲဒီ သံပြားသုံးချပ်ကို မင်း ခိုးယူလာတာလား"

"ဟုတ်ပါတယ်"

"မနေ့ညနေက ဖမ်းမိတော့ ပစ္စည်းရှာဖွေ တွေ့ရှိချက်ပုံစံမှာ ဖြည့်ထားတဲ့ အတိုင်း ခိုးယူမှုကို ကျူးလွန်ပါတယ်လို့ မင်း ဝန်ခံထားပြီး လက်မှတ်ထိုး ထားတယ်၊ အဲဒါ ဘာပြောစရာ ရှိသေးလဲ"

"ဘာမှ ပြောစရာ မရှိပါဘူး၊ ကျွန်တော် ကျူးလွန်ကြောင်း ဝန်ခံပါတယ်"

"ဒါဆိုရင် မင်း ငါတို့အဖွဲ့ကို ကူညီတဲ့အနေနဲ့ အမှန်ကို ဖြောင့်ချက်ပေးစေချင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ်"

သူငယ်ချင်း အင်ဂျင်နီယာဘက်သို့ လှည့်ကြည့်လိုက်သည်။

သူငယ်ချင်းက မင်းပဲ ဆက်မေးဆိုသည့်သဘောနှင့် မေးငေါ့ပြ၏။

"ဒီလိုကွာ၊ ပစ္စည်းခိုးယူမှုကတော့ မင်းကလည်း ဝန်ခံထားတယ်ဆိုတော့ ရှင်းနေပြီပေါ့၊ ဒါပေမဲ့ ငါတို့အဖွဲ့အနေနဲ့ တာဝန်ရှိတာက ဒီပစ္စည်း ဘယ်က ရသလဲ၊ ဘယ်လိုရသလဲဆိုတာ သိချင်တယ်၊ ဒါမှ ပစ္စည်းတွေ နောက်ထပ် မ ထွက်ရအောင်ပေါ့၊ ငါတို့ ဘယ်လို ကာကွယ်ရမလဲ၊ ထိန်းသိမ်းရမလဲ ဆို တာကို အကြံပေး တင်ပြနိုင်မယ်ကွ၊ အဲဒီတော့ ဒီသံပြားသုံးချပ်ကို မင်း ဘယ်က ယူခဲ့တာလဲ"

"အမှိုက်ပုံကပါ"

"သေချာရဲ့လားကွ၊ ဓားစက်နားမှာ ဖြတ်ပြီး ခိုးလာတာ မဟုတ်ဘူးလား"

သူငယ်ချင်းက ထောက်ပြီး မေးလိုက်၏။

"မဟုတ်ပါဘူး၊ ဒီလောက် သံပြားလေးတွေဟာ ကျွန်တော်တို့ စက်ရုံမှာ အလေအလွင့်တွေပါ၊ အမှိုက်ပုံကို သွားပစ်ကြတာချည်းပါပဲ၊ ဆရာတို့ သိပါ တယ်၊ အမှိုက်ပုံမှာ အလွယ်တကူ ကောက်လို့ရတာကို ဘာလို့ အပင်ပန်းခံ ပြီး ဓားစက်မှာ ကျွန်တော် ဖြတ်နေမှာလဲ"

သူတို့နှစ်ယောက်စလုံး ခဏ ငိုင်သွားသည်။ ဟုတ်တော့ ဟုတ်သည်။ စက်ရုံကထွက်သည့် အလေအလွင့် သံပြားငယ်တွေကို အမှိုက်ပုံမှာပဲ စွန့်ပစ် ထားရသည်ချည်း။ အမှိုက်ပုံမှာ များလာမှ သံရည်ကျိုရန်အတွက် စက်ရုံကြီး တစ်ရုံက လာသယ်တတ်သည်။

ဓားစက်မှာ ဖြတ်သည်ဆိုလျှင် ဓားစက်က အလုပ်သမားကို မီးခိုးကြွက်လျှောက် စစ်ဆေးရဦးမည်။ ဓားစက်ကို မလိုအပ်ဘဲ အသုံးမပြု နိုင်အောင် စီစဉ်ရဦးမည်။ အခုတော့ အောင်မင်းက အမှိုက်ပုံက ယူသည်ဆို တော့ ဇာတ်လမ်းက ရှင်းသွား၏။

"အဲဒီသံပြားတွေကို မင်း ယူလို့ မိသွားရင် လုပ်ငန်းခွင် စည်းကမ်းအရ

အရေးယူခံရမယ် ဆိုတာ မသိဘူးလား"

"သိပါတယ်"

"အဲဒါ သွားရောင်းရင် ဘယ်လောက်ရမလဲ"

"မသိဘူး"

"မင်း ဘယ်မှာ ရောင်းမလဲ"

"မသိဘူး၊ ကျွန်တော်ကတော့ ကြက်တန်း သွားရောင်းရင် ရမယ် ထင်တာပဲ"

"မင်းခိုးတဲ့ ပစ္စည်းတန်ဖိုးက နှစ်ဆယ်မကျော်ဘူး၊ ဒီတော့ ရဲစခန်းကို အမှုဖွင့်စရာ မလိုဘူးပေါ့ကွာ၊ ဒါပေမဲ့ လုပ်ငန်းခွင် စည်းကမ်းအရတော့ မင်း အလုပ်ပြုတ်မှာပဲ"

"ဟုတ်ကဲ့"

"အလုပ်ပြုတ်မယ်ဆိုတာ မင်း စဉ်းစားမိရဲ့လား"

"စဉ်းစားမိပါတယ်"

"အလုပ်တစ်ခု ရဖို့ဆိုတာ လွယ်တာ မဟုတ်ဘူးကွ၊ အလုပ်ပြုတ်မယ်ဆိုတာ သိလျက်နဲ့ မင်း ဘာကြောင့် ခိုးရတာလဲ"

အောင်မင်းက မျက်လွှာကို ချထားသည်။

"ဒါလေးရောင်းရင် မင်း ဘယ်လောက်ရမှာလဲကွာ" ဟု သူငယ်ချင်းက ပြောလိုက်၏။

"ကျွန်တော့် အဖေအတွက်ပါ"

"ဘယ်လိုကွ"

အောင်မင်းစကားကို စိတ်ဝင်တစား ဖြစ်သွား၏။ ငုံ့ထားသော ခေါင်း ပြန်

မော်လာသည်။ အကြည့်က သူ့ကိုကျော်လျက် နောက်ပြတင်းဆီသို့ စူးစိုက်နေရီ၏။

"အဖေက ပန်းနာသည်ပါ ဆရာ၊ အဖေ့ရောဂါ ခုတလော ထလာတယ်၊ ဆေးဖိုးလိုတယ် ဆရာ၊ ဟိုနေ့က ဆေးဖိုးမရှိဘူးလို့ ပြောသံကြားတယ်၊ ဒါကြောင့်"

ပြောပြီး ခေါင်းကိုငုံ့၏။

"နေပါဦး၊ မင်းက သံဂဟေက သိန်းထူးညီ မဟုတ်လား"

ဟု ဘေးက သူငယ်ချင်း အင်ဂျင်နီယာက မေးသည်။

"ဟုတ်တယ်၊ သိန်းထူးညီ" ဟု သူငယ်ချင်းဘက်သို့ လှည့်ပြီး သူ ပြောလိုက်၏။ သိန်းထူးက သူ့လက်အောက် ဌာနစိတ်မှ ဂဟေဆော် အလုပ်သမား။ အလုပ်ကြိုးစား၍ အားကိုးရသူဖြစ်သည်။ သူက ဝင်ဖြေလိုက်သဖြင့် အောင်မင်း ဘာမှမပြောဘဲ သူတို့ကို ကြည့်နေလိုက်၏။

"သိန်းထူးနဲ့မင်း တစ်အိမ်တည်းပဲလား"

"ဟုတ်ပါတယ်"

"မင်းအဖေအတွက် ဆေးဖိုးလိုတာ သိန်းထူး မသိဘူးလား"

"သိတယ်၊ သူပဲ အိမ်စရိတ်ရော အဖေ့ဆေးဖိုးပါ ရှာပေးနေတာပါ၊ ဟိုနေ့ကတော့ သူ့မှာလည်း ငွေမရှိတော့ ဆေးဝယ်ဖို့ အခက်အခဲဖြစ်မယ် ဆိုတာ သိလို့ ခုလို ကြံစည်မိတာပါ"

သက်ပြင်း ပြိုင်တူချလိုက်မိ၏။

"အေးကွာ၊ ဖြစ်ပြီးတာတော့ ပြီးပြီပေါ့၊ မင်းကို ငါတပည့်တစ်ယောက် အနေနဲ့ ပြောချင်တာကတော့ အခက်အခဲ အကျပ်အတည်း တစ်ခုကို ဖြေရှင်းတဲ့အခါ နည်းမှန်လမ်းမှန်နဲ့ ရှင်းတတ်ဖို့ပဲကွ၊ လွယ်လွယ်ကူကူ မ

စဉ်းစားနဲ့၊ မင်းအစ်ကို သိန်းထူးကို အတုယူ၊ သူလည်း မင်းလိုပဲ အဖေအတွက် ပူမှာပဲ၊ ဒါပေမဲ့ သူ မင်းလို မဟုတ်တာမလုပ်ဘူး၊ မင်းတို့ တစ်အိမ်လုံး စားဝတ်နေရေးက အစ သိန်းထူး ဘယ်လိုရုန်းကန်ပြီး ရှာသလဲဆိုတာ မင်း အသိပဲ၊ ထမင်းစားချိန်တောင် မနားဘဲနဲ့ ပုတ်ပြတ် လုပ်ငန်းကို လုပ်လို့ သူ့ကျန်းမာရေးအတွက် ငါ တားရသေးတယ်"

"ဆင်းရဲလို့၊ အခက်အခဲ အကျပ်အတည်းတွေ့လို့၊ အမှိုက်ပုံမှာ ပစ္စည်းယူရတာ လွယ်လို့သာ ခိုးထုတ်ကြရစတမ်း ဆိုရင် လူပေါင်း လေးရာကျော်လုံးဟာ ခိုးထုတ်ကြရမဲ့ အခြေအနေ ရှိနေကြတာချည်းပဲ၊ ဒါပေမဲ့ ကျန်တဲ့ လုပ်သားတွေ ရိုးရိုးသားသားနဲ့ ဘယ်လို ရုန်းကန်နေကြတယ် ဆိုတာ မင်း အတုယူသင့်တယ်"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် မှားပါတယ်"

***

(၃)

*

အိမ်ရှေ့မှာ ဖယ်ရီကားရောက်တော့ ပဲပြုတ်နဲ့ကြော်နေတဲ့ ထမင်းကြော်က မကျက်တတ်သေး။ ထမင်းကြော် မစားရရင်တော့ သက်သာ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် သောက်မှဖြစ်မည်။ အိတ်ထဲကို သေချာအောင် ကြည့်ရသေး၏။ ဆယ်တန်တစ်ရွက်နှင့် ကျပ်တန် သုံးလေးရွက် ကျန်သေးတာပဲဟု သိပြီး ကျေနပ်သွားသည်။ လွယ်အိတ်ကိုယူလျက် အိမ်ပေါ်မှ ဆင်းခဲ့သည်။

ဖယ်ရီပေါ်ရောက်တော့ အိပ်ရေးမဝသော သူငယ်ချင်း၏ မျက်နှာ သုန်သုန်မှုန်မှုန်ကို တွေ့ရသည်။

"ဘယ်လိုလဲ၊ ကလေး နေကောင်းပြီလား"

"ဟာကွာ၊ ညကလည်း တစ်ညလုံး မအိပ်ရဘူး၊ ဒီနေ့တော့ သူ့အမေ ခွင့်ယူရတယ်"

ဘာမှ ဆက်မမေးမိတော့။ တဂျုန်းဂျုန်း အသံမြည်နေသော ဖယ်ရီကားသည် လမ်းဘေး ပျံကျဈေးကို ဖြတ်ရန် ဦးတည်လိုက်၏။ ဈေးသည်များ တရုန်းရုန်း ဖြစ်ခိုက်နှင့် ကြုံသည်။ ဗန်းတွေ၊ အထုပ်တွေနှင့် ရုတ်ရုတ်ရက်ရက် ဟိုဒီ ပြေးကြလွှားကြတာ မြင်ရ၏။ ဈေးဝယ်တွေက ကြောင်ပြီး ရပ်နေကြသည်။ လက်မှာ အပတ်အနီနှင့် လူများကိုလည်း တွေ့၏။ ကားက လူအုပ်ကြားမှာ တုံ့ဆိုင်းဆိုင်း ဖြစ်သည်။

"မိုးလင်းလင်းချင်းကွာ၊ ရုတ်ရုတ် ရုတ်ရုတ်နဲ့" ဟု အင်ဂျင်နီယာတစ်ဦးက ပြော၏။ ဘယ်သူမှ ပြန်မပြော။

ကားလမ်းမကြီးပေါ်ရောက်တော့ ကားက အရှိန်ရသွား၏။

လူတွေ တိုးလိုးတွဲလဲနှင့် ဘတ်စ်ကားများကို ကျော်တက်သည်။ လမ်းချိုးတစ်ခုကို ကွေ့ရန် ကားအရှိန်ကို လျှော့သည်။ ဘတ်စ်ကားမှတ်တိုင်မှာ စောင့်နေသော လူအုပ်ကြီးကို လှမ်းမြင်ရ၏။ ဘတ်စ်ကားမှတ်တိုင်ကို ကျော်ဖြတ်ပြီး မောင်းလာသည်။

ပလက်ဖောင်းပေါ်မှာ တွေ့နေကျ မြင်ကွင်းတစ်ခုကို တွေ့လိုက်ရ၏။ ဒီမြင်ကွင်းကို သူတို့ နေ့တိုင်းမြင်နေကျ။ ဒီမြင်ကွင်းကို မြင်ရတိုင်း ကြည်နူးစိတ်နှင့် စာနာညှာတာစိတ်တို့ တစ်ပြိုင်တည်း ဖြစ်နေကျ။

မည်သူမျှ စကားတစ်လုံး မဟသော်လည်း မျက်လုံးများက သူတို့ နှစ်ယောက်ဆီကို ရောက်ဖြစ်သည်။

သိန်းထူးနှင့် အေးအေးမြင့်တို့ စုံတွဲ၊ နှစ်ဦးစလုံး စက်ရုံထဲက လုပ်သားများ ဖြစ်ကြသည်။

"သူတို့လည်း အခုထိ လက်မထပ်နိုင်ကြသေးဘူးနော်"

ဖြတ်ကျော်သွားစဉ် အင်ဂျင်နီယာတစ်ဦးနှုတ်မှ အသံထွက်သည်။

သူတို့တွဲနေတာ အနည်းဆုံး သုံးနှစ်တော့ကျော်ပြီဟု သူတို့အားလုံး သိထားကြ၏။

လက်မထပ်နိုင်ကြသေးပါလားဟု စာနာညှာတာအတွေးကို သူတို့ရင်မှာ ကိန်းဝပ်၏။

အမှတ်မထင် လှမ်းအကြည့်မှာ ဆိုင်းဘုတ်တိုင်ထူနေသော ဗေဒင်ဆရာကို လှမ်းမြင်ရ၏။

***

"ထိုင်၊ မောင်သိန်းထူး"

ခွင့်များ၊ တက်ပျက်စာရင်းများ၊ အချိန်ပိုများကို လက်မှတ်ရေးထိုးနေစဉ်မှာ မောင်သိန်းထူး ရောက်လာ၏။ သူ့စားပွဲရှေ့မှာ ရပ်နေသော မောင်သိန်းထူးကို ထိုင်ရန်ပြောပြီး အလုပ်ကို လက်စသတ်သည်။

"ဆို၊ မောင်သိန်းထူး"

"ကျွန်တော့်အဖေအတွက် ဆေးသွားဝယ်ချင်လို့ ဆရာ"

ပြောပြီး အပြင်ထွက်ခွင့် ဂိတ်ပတ်စ်ကို လက်မှတ်ထိုးပေးရန် ရှေ့မှာ လာချ၏။ လက်မှတ်ထိုးပေးပြီး ဂိတ်ပတ်စ်ကို လှမ်းပေးရင်း ဆေးဖိုး အဆင်ပြေပြီလားဟု မေးသည်။

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ပုတ်ပြတ်လုပ်နေတာက ပြီးခါနီးပြီ ဆရာ၊ လောလောဆယ်တော့ နှစ်ဆယ်တိုးနဲ့ ဒေါ်ကျင်အေးဆီက ယူထားရတာပေါ့"

သူ့မျက်နှာကို ငေးကြည့်ပြီး ဘာမှ မပြောမိဘဲ နှုတ်ဆိတ်သွား၏။

"ဆရာ"

"ဟေ"

"ကျွန်တော် တစ်ခု ပြောချင်လို့ပါ"

"ပြောလေကွာ"

"ကျွန်တော့်ညီ အောင်မင်းကိစ္စပါ၊ ဒီကောင် လုပ်သွားတာ သိပ်ရှက်ဖို့ကောင်းပါတယ် ဆရာ၊ အဖေသာသိရင် ချက်ချင်းတောင် သေသွားနိုင်တယ်၊ ကျွန်တော်တို့ ငွေရေးကြေးရေး အခက်အခဲရှိတာ အမှန်ပဲ ဆရာ၊ ဒါပေမဲ့ ဒီလို မဟုတ်တရုတ် ကြံစည်တာကတော့ ကျွန်တော် မကြိုက်ဘူး၊

ဆင်းရဲတိုင်း၊ ကျပ်တည်းတိုင်းသာ ခိုးရမယ်ဆိုရင် လူကောင်း ရှိပါတော့မလား ဆရာ၊ ကျွန်တော် အိမ်ရောက်တော့ ဒီကောင့်ကို ဆွဲထိုးမိသေးတယ်၊ ကျွန်တော်ပြောချင်တာက ဒီကောင့်အစ်ကိုအရင်းပဲ ဆိုပြီး ကျွန်တော့်ကိုပါ တစ်မျိုးတစ်မည် အထင်သေးမှာ စိုးလို့ပါ"

ပြောပြီး သိန်းထူး တံတွေးကို မျိုချသည်။

"ဟာ၊ မဟုတ်တာကွာ၊ အစကတည်းက မင်းတို့ ညီအစ်ကို နှစ်ယောက်ကို ခွဲပြီး မြင်ပြီးသားပါ၊ လုပ်ငန်းထဲမှာ ကြိုးစားတာ၊ စည်းကမ်းရှိတာကအစ မတူတာကို အားလုံး အသိပဲဟာ"

"ကျေးဇူးပါ ဆရာရယ်၊ အလုပ် ပင်ပင်ပန်းပန်း လုပ်ရတာကို ကျွန်တော် မကြောက်ဘူး၊ အထင်မြင်သေးခံရမှာတော့ ကျွန်တော် ကြောက်တယ် ဆရာ၊ ကျွန်တော် သွားမယ်"

"အေး၊ အေး"

"ဘယ်လိုလဲကွ၊ မင်းတို့နှစ်ယောက်ရော လက်မထပ်သေးဘူးလား"

သိန်းထူး လှည့်အထွက်မှာ ရုတ်တရက် သတိရလိုက်ပြီး မေးလိုက်၏။ မနက်စောစော ဖယ်ရီဖြတ်တိုင်း တွေ့နေကျ နံနက်ခင်း၏ ချစ်ခြင်းမေတ္တာ သင်္ကေတ၊ သူတို့အတွဲ ဣန္ဒြေရရ ကြည်ကြည်နူးနူး အလုပ်လာတာ မြင်ရခြင်းကို အမှတ်ထင်ထင်ရှိပြီး မေးလိုက်ခြင်းဖြစ်၏။

"ကြိုးစားတော့ နေတာပါပဲ ဆရာရယ်၊ ငွေက စုမိတယ်ကို မရှိပါဘူး၊ လောက်ငအောင် မနည်း ကြိုးစားနေရတာပဲ"

"ဖြစ်လာမှာပါကွာ"

အားပေးစကားကို ပြောလိုက်သော်လည်း ကိုယ့်စကားအသံကိုက အားမရှိမှန်း သိနေ၏။ သိန်းထူး ထွက်သွားတော့ အတွေးက မဆုံးနိုင်ဘဲ ရှေ့တူရူ

ကိုငေးရင်း သက်ပြင်းကို ချမိ၏။

ပပ်ကြားအက်များနှင့် မိုးဖွဲဖွဲက လွင်တီးခေါင်မှာ ရှာချသည့် ပပ်ကြားအက်တွေထဲ ရေပြည့်အောင် စွမ်းဆောင်နိုင်ပါ့မလားကွယ်။

***

(၄)

*

အလုပ်ချိန်အတွင်းမှာ ဘယ်လောက်ပြီးရမည်ဟု သတ်မှတ်ထားသော စံချိန်စံညွှန်းရှိ၏။ အကယ်၍ အရေးတကြီး ထုတ်လုပ်ရန် လိုလာသည့်အခါတွင် ယင်းစံချိန်စံညွှန်းထက် ကျော်၍ ပြီးသမျှကို ဘယ်ရွေ့ဘယ်မျှနှုန်းဖြင့် ခံစားစေရမည်ဟု အထက်အဆင့်ဆင့်က သတ်မှတ်ပေးသည်။

ယင်းကို လုပ်သားတို့က လွယ်ကူစွာပင် ပုတ်ပြတ်ဟု ခေါ်၏။ ကိုယ်ကြိုးစားလျှင် ကြိုးစား၍ လုပ်နိုင်သမျှ ပြီးစီးသည်။ ငွေပိုရသည်။

"ဟော့ကောင်၊ အခုမှ နားတာလား" ဟု ကုလားက လှမ်းမေးသည်။

ရေတိုင်ကီများကို ပုတ်ပြတ် ဂဟေဆော်ပြီး၍ ပစ္စည်းများကို နေသားတကျဖြစ်အောင် ထားနေသော သိန်းထူးက ကုလားကို လှမ်းကြည့်လိုက်၏။

"အေးကွ၊ တွဲပြီးသားလေးတွေ လက်စသတ်အောင် ဆော်နေတာ"

"ထမင်းမစားရသေးဘူးလား"

ဝင်းအောင် ရောက်လာပြီး မေး၏။

"မစားရသေးဘူးကွ၊ အလုပ် ပြန်တက်ခါနီးပြီလား"

"လိုပါသေးတယ်၊ နာရီဝက်လောက်တော့ လိုဦးမှာပေါ့"

ဝင်းအောင်က ပြောလိုက်၏။

"နေဦးကွာ၊ ရေဆေးလိုက်ဦးမယ်"

ဟု ပြောရင်း ဗီရိုပေါ်မှ ထမင်းဘူးကို ယူ၏။

"ဟင်း မှာထားလား"

စက်ရုံအပြင်ဘက်မှ ရေဘုံပိုင်ဆီသို့ သိန်းထူး ထွက်သွား၏။

"တကယ် လုပ်နိုင်တဲ့ကောင်" ဟု ကုလားက ပြောသည်။

"လက်ထပ်ဖို့ ငွေစုနေပြီ ထင်တယ်"

ဝင်းအောင်က ထင်ကြေးပေးသည်။

သိန်းထူးပြန်လာပြီး "ကန်တင်း လိုက်မလား၊ ထမင်းသွားစားမယ်"

"ချဉ်ရည်ဟင်း ငါးမုန့်ဖိုး ချန်ထားခိုင်းတယ်"

ဝင်းအောင်နှင့်ကုလား နားလည်သည်။ ထမင်းဘူးထဲမှာ ထမင်းထည့်လာပြီး ကန်တင်းက ချဉ်ရည်ဟင်းနှင့် ဒီလိုပဲ စားနေကျတွေပဲ။ တစ်ခါတလေ မနက်ခင်းကတည်းက ကန်တင်းမှာ ဗယာကြော် နှစ်ခု၊ ပြားခုနစ်ဆယ်ဖိုး ဝယ်ထားပြီး စားကြသည်။

"ဒီလိုမှန်းသိရင် ငါ မင်းကို စောင့်နေပါတယ်၊ ဒီနေ့ ငါးဟင်းပါတယ်ကွ။ အိမ်က အငယ်ကောင် ငါးမျှားလို့ရတာ" ဟု ဝင်းအောင် ပြောသည်။ ဝင်းအောင်တို့က အင်းစိန်ကမ်းနားမှာ နေကြသူမို့ ရေနားနီးသည်ဟု တွေးလိုက်မိ၏။

"ရပါတယ်ကွာ"

သိန်းထူးက ဝင်ပြောလိုက်၏။

"အသားငါးကလည်း တစ်ခါတလေ စားရရင် သိပ်အရသာရှိတာ၊ ဒါတောင် ဆီတွေ ဘာတွေ သိပ်ထည့်နိုင်တာ မဟုတ်ဘူး"

ဝင်းအောင်က ဆက်ပြောသည်။

"အလျှင်အပတ်က ဆီပေးတာ ယူသေးလား" ဟု ကုလားက မေးသည်။

"ကြုံကြုံစည်စည်ကွာ၊ နှစ်ဆယ့်ငါးကျပ်နဲ့ ငွေကြိုယူထားတာ ကြာပြီ" ဟု ဝင်းအောင်က ပြောသည်။

"မင်းက တော်သေးတာပေ့ါ၊ ငါက နှစ်ဆယ်ပဲ ရလိုက်တယ်"

ဟု သိန်းထူးက ကန်တင်းအဝင်မှာ နောက်လှည့်ရင်း ပြောသည်။

"ဆီတစ်ပိဿာကို သုံးဆယ့်လေးကျပ်ကွ၊ ငါတို့လစာက ဖြတ်ရင် သုံးဆယ့်လေးကျပ်တောင် ဖြတ်မှာ"

"ဘယ်တတ်နိုင်မလဲ ကုလားရာ၊ ငါတို့က လောလောဆယ် ငွေလိုတာကိုး၊ အဲဒီတော့လည်း နှစ်ဆယ်၊ အစိတ်နဲ့ ကြိုရောင်းရတာပေ့ါ"

ထမင်းဘူးကို စားပွဲပေါ်တင်ပြီး သိန်းထူးက ပြောလိုက်သည်။ ပြီးတော့ ဈေးရောင်းသည့် အပေါက်ဆီသို့ လျှောက်သွားလိုက်၏။

လခထဲက ဆီတစ်ပိဿာတန်ဖိုး သုံးဆယ့်လေးကျပ် အဖြတ်ခံရပြီး လောလောဆယ်သုံးရန် ငွေနှစ်ဆယ် အစိတ်ကို ကောက်သူထံမှ ယူကြရ၏။

ကောက်သူက သူတို့အမည်နှင့် ထုတ်ယူလိမ့်မည်။

***

သိန်းထူးက ချဉ်ရည်ဟင်းနှင့်ထမင်းကို အားပါးတရ စားနေဆဲ၊ ကုလားက ဝင်းအောင်ကို ပြောသည်။

"အိုဗာတိုင် လေးကျပ်ကလည်းကွာ၊ လမ်းစရိတ်နဲ့ ပြတ်တာပါပဲ၊ သိန်းထူးတို့လို ပုတ်ပြတ်ကလေးရှိရင် တော်သေးတယ်"

သိန်းထူးက ထမင်းလုတ်ကို ပါးစပ်ထဲမသွင်းခင်မှာ လှမ်းကြည့်လိုက်၏။

"ပင်ပန်းတယ် သူငယ်ချင်းရာ"

"ဘာပဲဖြစ်ဖြစ် ပြီးရင် ငွေလေးဘာလေး လုံးခနဲ ရမယ်ဆိုတာ သိတော့ လုပ်ရတာ အားရှိတာပေါ့ကွာ"

"မထင်နဲ့ သူငယ်ချင်းရေ၊ သကြံ့န်ပြီးတာနဲ့ အင်ဖက်သက်ငယ်ဈေးက တရိပ်ရိပ် တက်လာတာ၊ အိမ်အမိုးကလည်း ဆန်ခါပေါက်ဖြစ်နေတော့ နှစ်ဆယ်တိုးနဲ့ယူပြီး မိုးလိုက်ရတယ်၊ အလုပ်ပြီးလို့ ပုတ်ပြတ် ထုတ်ပြီးတာနဲ့ လက်လွှဲပေးလိုက်ရတာ" ဟု ဆက်ပြောသည်။

"မထူးပါဘူးကွာ၊ ငါက သက်သာစာအုပ် ပေါင်လိုက်ရတယ်" ဟု ကုလားက ပြော၏။

"ဘာလဲ၊ ဆန်နဲ့လား၊ အတိုးနဲ့လား"

ဆန်နှင့်လား၊ အတိုးနှင့်လားဆို သူတို့ နားလည်၏။ ဆန်နှင့်ဆိုလျှင် ဆန်ထုတ်ပေးတိုင်း ထိုစာအုပ်မှရသော ငစိန်ဆန် တစ်ပြည်လျှင် နှစ်ကျပ်ငါးပြားနှင့် ခြောက်ပြည်အတွက်ကို ငွေထုတ်ပေးသူက ထုတ်ယူပေးမည်။ ပေါင်လိုက်သူကတော့ ဈေးကြီးနှင့် ဝယ်စားပေးတော့။ အတိုးနှင့် ဆိုတာကတော့ သတ်မှတ်သည့် အတိုးကို ပြန်ဆပ်ရင်ပေး။ မရွေးနိုင်ခင်မှာတော့ စာအုပ်က ရသမျှကို ငွေထုတ်ပေးသူက ထုတ်ယူပေမည်။ ဘယ်ဟာကမှ မသက်သာ။

"အတိုးနဲ့ပါကွာ၊ သုံးရာ ယူလိုက်တယ်"

"သက်ဆိုင်ရာက ငါတို့လုပ်သားတွေ သက်သာအောင် စီမံပေးထားတာပဲကွ၊ ဒါပေမဲ့ ငါတို့ကလည်း ငွေအမြဲလိုနေတဲ့ လူတွေဆိုတော့ အဲဒီအားနည်းချက်ကို အခွင့်အရေးယူတတ်တဲ့ ငွေရှင်တွေ ပေါ်လာတာပဲပေါ့ကွာ"

"စဉ်းစားကြည့်ရင်တော့ ရင်နာစရာပေါ့ကွာ၊ မကောင်းမှန်း သိလျက်နဲ့ တို့

ကိုယ်တိုင်က ငွေရှင်တွေကို အားပေးအားမြှောက် လုပ်မိနေသလိုပါပဲ"

သိန်းထူးက ပြောလိုက်သည်။

***